
စိတ်ကူးချိုချိုအနုပညာ

# ကျွန်တော် မူးယစ်ဆေးသမား

## ဦးမျိုးကြီး

မူးယစ်ဆေးနွံထဲ
နစ်ခဲ့ဖူးသူတစ်ဦး၏
မချွင်းမချန်၊ မရှက်မကြောက်
ဖွင့်ဟဝန်ခံချက်များ



mgyoe.com

mgyoe.com

၁။ ကျွန်တော်မူးယစ်ဆေးသမား
၂။ မူးယစ်အစ ဆေးလိပ်က
၃။ မူးယစ်ဆေးစသုံးပြီဆိုရင်
၄။ ဆေးစွဲရင်ဖြတ်ဖို့ လွယ်သလား
၅။ မဖမ်းဘူးလား
၆။ ရှိုင်း
၇။ ဘိန်းစားဘဝ စပြီ
၈။ ဒုတိယနှစ်တက်ပြီ
၉။ ဘိန်းဖြူအဆင့် ရောက်ပြီ
၁၀။ ကြောက်စရာကောင်းလွန်းလှတဲ့ ဘိန်းဖြူ
၁၁။ ဘိန်းနှင့်ပတ်သက်သည့် အချက်အလက်
အတိုချုပ်မှတ်တမ်း

nw0085
1,500.00 KS
mgyoe.com

mgyoe.com

ကျွန်တော်မူးယစ်ဆေးသမား။ ဦးမျိုးကြီး
စာမျက်နှာ ၇၇+ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ကျွန်တော်မူးယစ်ဆေးသမား

ဦးမျိုးကြီး

မဟာဓမ္မကြိုပ်၊ ၂၀၀၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | စာရေးသူရဲ့အမှာ | က |
| ၁။ | ကျွန်တော်မူးယစ်ဆေးသမား | ၁ |
| ၂။ | မူးယစ်အစ ဆေးလိပ်က | ၅ |
| ၃။ | မူးယစ်ဆေးစသုံးပြီဆိုရင် | ၉ |
| ၄။ | ဆေးစွဲရင်ဖြတ်ဖို့ လွယ်သလား | ၁၅ |
| ၅။ | မဖမ်းဘူးလား | ၂၁ |
| ၆။ | ဂျိုင်း | ၂၃ |
| ၇။ | ဘိန်းစားဘဝ စပြီ | ၃၁ |
| ၈။ | ဒုတိယနှစ်တက်ပြီ | ၃၃ |
| ၉။ | ဘိန်းဖြူအဆင့် ရောက်ပြီ | ၄၄ |
| ၁၀။ | ကြောက်စရာကောင်းလွန်းလှတဲ့ ဘိန်းဖြူ | ၅၆ |
| ၁၁။ | ဘိန်းနှင့်ပတ်သက်သည့် အချက်အလက် အတိုချုပ်မှတ်တမ်း | ၇၅ |


❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## စာရေးသူရဲ့အမှာ

တကယ်တော့ ဒီစာစုဟာ တူမောရိုးဂျာနယ်မှာ ဖော်ပြခဲ့တဲ့ အခန်းဆက်စာစုအားလုံးကိုပေါင်းပြီး စိတ်ကူးချိုချိုက စာအုပ်တစ်အုပ်အဖြစ် ပုံဖော်ခဲ့တာပဲဖြစ်ပါတယ်။ စရေးစဉ်တုန်းက အခုလို စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေလောက်ဖို့ ရည်ရွယ်ခဲ့တာမျိုးမဟုတ်ဘဲ ကာလရှည်ကြာစွာ အခန်းဆက်စာစုအဖြစ် ရေးသားဖို့ကိုလည်း ရည်ရွယ်ခဲ့တာမဟုတ်ပါဘူး။ သို့သော်လည်းပဲ ကိုယ်တွေ့ကြုံခဲ့ရတဲ့ မူးယစ်ဆေးဝါးသမားဘဝ ကိုပြန်စဉ်းစားလိုက်၊ ကွန်ပျူတာပေါ်မှာ စာတွေရိုက်ဖြစ်လိုက်၊ မူးယစ်ဆေးဝါးသမားဘဝက ဖြစ်စဉ်တွေကို ပြန်စဉ်းစားလိုက်၊ ကွန်ပျူတာပေါ်မှာ စာတွေရိုက်ဖြစ်လိုက်နဲ့ နောက်ဆုံးမှာတော့ အခုလို စာအုပ်တစ်အုပ်ဖြစ်လာခဲ့တာပါ။ ဘဝရဲ့ ခါးသီးလှတဲ့ အမှတ်တရဖြစ်စဉ်တွေကို အခုလို စာအုပ်တစ်အုပ်ဖြစ်လာတဲ့အထိ ကူညီပေးခဲ့တဲ့ စိတ်ကူးချိုချိုက ကိုစန်းဦးနဲ့ အဖွဲ့သားများ၊ နောင်တော်ဆရာမြတ်သက်တို့ကို ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။ ဒါ့အပြင် ကာလရှည်ကြာစွာ အခန်းဆက်စာစုအဖြစ် ဖော်ပြခဲ့တဲ့ တူမောရိုးဂျာနယ်ဝိုင်းတော်သားတွေကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ဒီနေရာကနေ မှတ်တမ်းတင် ဖော်ပြအပ်ပါတယ်။

mgyoe.com

mgyoe.com


မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးတွေကို ဒီကနေ့ခေတ် လူငယ်တွေသိစေချင်တာက ဒီစာစုရဲ့ ရည်ရွယ်ရင်းပါ။ ကျောင်းသားအရွယ် လူမမည်လေးတွေက အစ အရွယ်ရောက်စလူငယ်တွေနဲ့ သူတို့လေးတွေရဲ့ မိဘတွေ ဖတ်မိစေချင်တဲ့ရည်ရွယ်ချက်နဲ့ ရေးခဲ့တာဖြစ်ပါတယ်။ ဒီစာစုကို ဖတ်ပြီးတဲ့အခါ မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို အတိုင်းအတာတစ်ခုအထိ ခံစားသိရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အမှန်ကတော့ စာရေးသူ ရေးသားဖော်ပြခဲ့တဲ့အထဲမှာ ပါရှိခဲ့တဲ့ မူးယစ်ဆေးဝါးရဲ့ အန္တရာယ်တွေဟာ ဆိုးရွားလှတဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကို ပြည့်စုံအောင်ဖော်ပြနိုင်စွမ်း မရှိခဲ့ဘူးဆိုတာကိုလည်း ဝန်ခံရမှာဖြစ်ပါတယ်။ စာအုပ်ထဲမှာဖတ်ရတဲ့ အကြောင်းအရာတွေထက် အဆပေါင်းများစွာ ပိုမိုဆိုးရွားတဲ့ အန္တရာယ်တွေဟာ မူးယစ်ဆေးဝါးလောကအတွင်းမှာ ရှိနေပါတယ်။ ဒီစာစုထဲမှာ အဲဒီအကြောင်းအရာတွေကို ထည့်သွင်းဖော်ပြခဲ့ချင်ပေမဲ့ တချို့သော အကြောင်းအရာတွေက လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ တချို့သော ကျန်ရစ်သူမိသားစုတွေအတွက် ထိခိုက်နစ်နာတာမျိုး ဖြစ်လာနိုင်တာတွေရှိသလို၊ တချို့သော အကြောင်းအရာတွေက စာရေးသူကိုယ်တိုင်အတွက် အန္တရာယ်ကို ဖိတ်ခေါ်နိုင်တာမျိုးတွေ ရှိလာနိုင်တာမို့ ချန်လှပ်ထားတာတွေ ရှိခဲ့တယ်ဆိုတာကိုလည်း ရိုးသားစွာ ဝန်ခံရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောရရင် စာရေးသူဟာ နှစ်ပေါင်း ၂၀ ကျော်ကြာ မူးယစ်ဆေး ဝါးလောကမှာ ကျင်လည်ခဲ့ဖူးပါတယ်။ စာရေးသူရဲ့နောင်တော် အပါအဝင် နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ အမျိုးကောင်းသားသမီးပေါင်းများစွာ မူးယစ်ရဲ့ ကျေးကျွန်အဖြစ်နဲ့ ဘဝတွေ ဆုံးသွားခဲ့ပြီးပါပြီ။ သို့သော်လည်းပဲ ဒီကနေ့အချိန်အထိ မူးယစ်ဆေးဝါးရဲ့ ခြိမ်းခြောက်မှုတွေက ပြီးဆုံးသွားခဲ့ပြီလားဆိုတော့ အများသိပြီးဖြစ်တဲ့အတိုင်းပါပဲ။ ဒီစာစုဟာ စာရေးသူတို့ မြန်မာနိုင်ငံကို ခြိမ်းခြောက်နေတဲ့ မူးယစ်အန္တရာယ်တားဆီးကာကွယ်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ခွင့်ရခဲ့တယ်ဆိုရင် ကျေနပ်ပါပြီ။ နောက်ဆုံးအနေနဲ့ ပြောကြားလိုတာကတော့ မူးယစ်ဆေးဝါးဆိုတာ အရမ်းကို ကောင်းလွန်းတာကြောင့် လူတွေနဲ့ မထိုက်တန်ပါဘူး။ ဒါကြောင့် အစပြုပြီး သုံးစွဲဖို့ စိတ်ကူးတောင်မယဉ်မိပါစေနဲ့။ စိတ်ကူးယဉ်မိပြီဆိုရင်တောင် အတွေးထဲက ချက်ခြင်းထုတ်ပစ်ပါ။ မူးယစ်ဆေးဝါးဆိုတာ စမိပြီ

mgyoe.com

mgyoe.com



ဆိုရင် ပြန်ထွက်ဖို့ လုံးဝ မဖြစ်နိုင်ပါဘူး။ သုံးစွဲသူတွေမှ မဟုတ်ပါဘူး၊ ရောင်းချသူတွေအနေနဲ့လည်း မူးယစ်နဲ့နွယ်မိပြီဆိုရင် တစ်ဘဝလုံး ဒီသံသရာက လွတ်မြောက်ဖို့ဆိုတာ လုံးဝ (လုံးဝ) မဖြစ်နိုင်တော့ကြောင်း အသိပေးချင်တာက ဒီစာစုရဲ့ အဓိကရည်ရွယ်ရင်းပါ။

မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါးရဲ့ အန္တရာယ်ကို ရှောင်ရှားနိုင်ကြပြီး တကယ်လို့ ကံမကောင်း အကြောင်းမလှစွာနဲ့ သွားငြိမိခဲ့ရင်လည်း လွတ်ကင်းအောင် အမြန်ဆုံးရုန်းထွက်နိုင်ကြပါစေ။

ဦးမျိုးကြီး

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကျွန်တော်မှူးယစ်ဆေးသမား

ဒီကနေ့ စာရေးသူတို့ရဲ့ ရွှေနိုင်ငံတော်ကို အကြီးမားဆုံး ခြိမ်းခြောက်နေတဲ့ အရာတွေထဲမှာ မူးယစ်ဆေးဝါးဟာ ထိပ်ဆုံးတန်းတစ်နေရာက ပါဝင်နေတယ်ဆိုရင် လေကုန်ခံ ငြင်းဆိုနေမယ့် ပုဂ္ဂိုလ်အနည်းအကျဉ်းလောက်ပဲ ရှိမှာ သေချာပါတယ်။ သတင်းစာ၊ဂျာနယ်တွေရဲ့ စာမျက်နှာတွေမှာ ကြည့်လိုက်ရင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု၊ လူသတ်မှု၊ လုယက်ခိုးဆိုး တိုက်ခိုက်မှု အစရှိတဲ့ သတင်းတွေကို နေ့စဉ်နဲ့အမျှဆိုသလို မြင်တွေ့နေရပြီး အခုဆို သတင်းစာကိုင်ရင် သွေးညှိနံ့ရတယ်လို့တောင် ကာတွန်းဆရာတွေက သရော်နေခဲ့ပါပြီ။ အမေရင်းဖြစ်သူကို ဂျီတီစီကျောင်းသားက ဓားနဲ့ထိုးသတ်တဲ့၊ ဖခင်အရင်းကို့သားက လည်ပင်းဓားနဲ့ စုတ်သတ်သတဲ့၊ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေရဲ့တန်ဖိုးက ကျပ်ငွေ ဘီလီယံချီ ရှိသတဲ့၊.ကဲ ဘယ်လောက်များ ကြောက်စရာကောင်းတဲ့ သတင်းတွေပါလဲ။ ဒီလို ကြုံရခဲ့တဲ့ အနိဋ္ဌာရုံဖြစ်ရပ်တွေ၊ ကြောက်မက်ဖွယ်ရာ သတ်ဖြတ်မှုတွေဟာ အရက်နဲ့ မူးယစ်ဆေးဝါး သုံးစွဲမှုကတစ်ဆင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ ဖြစ်တယ်ဆိုတာကလည်း လှည့်ကြည့်စရာ မလိုလောက်အောင် သေချာမှုရှိနေတဲ့ အချက်တစ်ခုပဲဖြစ်ပါတယ်။

mgyoe.com

mgyoe.com

ဒါကြောင့်လည်းပဲ နိုင်ငံတော်အစိုးရအပိုင်းက စီမံချက်တွေ ချမှတ်ပြီး ပြင်းပြင်းထန်ထန် အပြစ်ပေးအရေးယူနေပေမဲ့ မှုခင်းဖြစ်ပွားမှုကတော့ လျော့ကျသွားခြင်း မရှိသေးဘူးဆိုတာကို လတ်တလောဖြစ်ပွားနေတဲ့ ရာဇဝတ်မှု အရေအတွက်တွေက ညွှန်ပြနေပါတယ်။ ဒါဆိုရင် လူငယ်တွေ၊ အထူးသဖြင့် မူးယစ်ဆေးဝါးကို မမြည်းစမ်းဘူးတဲ့လူငယ်တွေ လမ်းမှား မရောက်ရလေအောင် ဘယ်လိုနည်းလမ်းတွေချမှတ်ပြီး လုပ်ဆောင်ကြမလဲ ဆိုတာက အားလုံးဝိုင်းဝန်းစဉ်းစားလုပ်ဆောင်ရမယ့် မဟာကိစ္စရပ်ကြီးတစ်ခု ဖြစ်လို့လာပါပြီ။ မူးယစ်ဆေးဝါးသုံးစွဲမှုတွေ၊ ရောင်းချဖြန့်ဖြူးမှုတွေ လျော့ကျစေဖို့ဆိုရင် တစ်ဖက်မှာ စီမံချက်ချ ဖမ်းဆီး အပြစ်ပေး အရေးယူမှုတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမှာဖြစ်သလို တစ်ဖက်မှာလည်း အသိပညာပေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ အရေးတကြီး လိုအပ်တယ်လို့ စာရေးသူကတော့ အပြည့်အဝယုံကြည်ပါတယ်။ ဒါကြောင့် ကိုယ်တိုင်ဖြတ်သန်းခဲ့ရဖူးတဲ့ နှစ် ၂၀ ကျော်ကြာ မူးယစ်ဆေးစွဲသမားဘဝကို အခြေပြုပြီး နောင်လာနောက်သားတွေ မူးယစ်ဆေးရဲ့ သားကောင်မဖြစ်ရလေအောင် ဒီနေရာကနေ ကိုယ်တွေ့ကြုံခဲ့ရ မူးယစ်ဆေးဝါးသမားဘဝ အကြောင်းကို စာဖွဲ့လို့ ပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီစာကို စတင်မဖတ်ခင် မူးယစ်ဆေးနဲ့ပတ်သက်ပြီး ရဲရဲဝံ့ဝံ့ တစ်ခွန်းတည်းသော အမှာစကားကို ပြောလိုက်ချင်တာကတော့ မူးယစ်ဆေးဝါးကို လုံးဝမစမ်းသပ်မိပါစေနဲ့၊ စမ်းသပ်မိလို့ စွဲခဲ့မယ်ဆိုရင်တော့ သေတဲ့အထိ မပြတ်ဘူးဆိုတာပါပဲ။ မယုံမရှိပါနဲ့ စာရေးသူဟာ အခု အသက် ၅၄ နှစ်ရှိပါပြီ။ တကယ်လို့ ဘိန်းဖြူလေးများ ကိုယ့်မျက်စေ့ရှေ့မှောက် အလွယ်တကူ ရောက်လာခဲ့မယ်ဆိုရင် အနိမ့်ဆုံးအဆင့် ဆေးလိပ်ထဲ ထည့်ရှူဦးမှာပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးကို မသုံးရ မနေနိုင်အောင် စွဲလမ်းခဲ့ဖူးပြီး လက်ရှိ အချိန်မှာ အကြောင်းအမျိုးမျိုးကြောင့် ဖြတ်ထားတဲ့ သူတစ်ယောက်က ငါ တော့ လုံးဝဖြတ်လိုက်ပြီလို့ ပြောလာခဲ့ရင် အဲဒီသူကို ဘိန်းဖြူတစ်လိပ်နဲ့အတူ ခေါ်လာခဲ့ပါ။ "ဟော့ကောင် ငါ့လည်း တစ်ဖွာလောက်တော့ လုပ်ဦး"လို့ မပြောခဲ့ရင် စာဖတ်သူတွေ စီးတဲ့ဖိနပ်နဲ့ စာရေးသူပါးကို ကြိုက်သလောက်သာ ရိုက်သွားကြပါလို့ စိန်ခေါ်ပါတယ်။

mgyoe.com

နောက် အရေးအကြီးဆုံးမှာကြားလိုတာကတော့ မူးယစ်ဆေးဝါးဆိုတာ အရမ်းကို ကောင်းပါတယ်။ ကောင်းလွန်းတဲ့အတွက် လူတွေနဲ့မတန်ပါဘူး။ လူတွေအနေနဲ့ ကိုယ်နဲ့ မတန်မရာကို အသုံးမပြုမိကြပါစေနဲ့၊ အသုံးပြုမိရင် ဘဝပျက်ရုံကလွဲပြီး ကျန်တာတွေဘာမှ ဖြစ်မလာနိုင်ဘူးဆိုတာပဲဖြစ်ပါတယ်။ ဘိန်းနဲ့ပတ်သက်ပြီး ကမ္ဘာမှာ စစ်တွေဖြစ်ခဲ့တာကိုကြည့်ရင်ပဲ ဒီပစ္စည်းဟာ ဘယ်လောက်အထိ ကြောက်စရာကောင်းသလဲဆိုတာကို မှန်းဆကြည့်လို့ ရနေပြီဖြစ်ပါတယ်။

တစ်ခါက ဖတ်ဖူးခဲ့တဲ့ ပုံပြင်လေးတစ်ပုဒ်မှာတော့ ဘိန်းနဲ့ပတ်သက်ပြီး ဒီလိုရေးထားခဲ့တာကိုလည်း မှတ်မိနေပါသေးတယ်။ ဟိုးရှေးရှေးတုန်းက နတ်ပြည်က နတ်သမီးလေးတစ်ပါးနဲ့ လူ့ပြည်က မင်းသားလေးတစ်ပါးတို့ဟာ ချစ်ကြိုက်မိကြပါတယ်တဲ့။ အဲဒီလို ချစ်ကြိုက်နေရာကနေ နတ်သမီးလေးက နတ်ပြည်ကို ပြန်ရမယ့် အချိန်ရောက်လာရောဆိုပါတော့။ ဒါနဲ့ပဲ နတ်သမီးလေးက သူ့ချစ်သူမင်းသားလေးကို အမှတ်တရလက်ဆောင်အနေနဲ့ ပန်းပင်လေးတစ်ပင် လက်ဆောင်ပေးခဲ့ပြီး ဒီပန်းပင်လေးကို စိုက်ထားပါ။ ပန်းတွေပွင့်တဲ့ အချိန်ရောက်ရင် သူ ပြန်လာခဲ့မယ်။ ဒါပေမဲ့ သူ ပြန်မလာခင် အချိန်အတွင်း အဲဒီပန်းလေးရဲ့ ရနံ့ကို တခြားလူတွေမရှူမိပါစေနဲ့၊ ရှူမိရှိုက်မိရင် လူသားတွေအားလုံး ဒုက္ခတွေ ကြုံတွေ့ကြရလိမ့်မယ်။ အဲဒါကိုတော့ အထူးသတိပြုပါလို့ ပြောပြီးပြီးချင်းပဲ နတ်ပြည်ကို ပြန်သွားခဲ့ပါတယ်။

နတ်သမီးလေး နတ်ပြည်ကိုပြန်တက်သွားတာနဲ့ တစ်ပြိုင်နက် သူပေးခဲ့တဲ့ပန်းပင်လေးဟာ အပွင့်တွေပွင့်လာခဲ့ပြီး မင်းသားလေးဟာလည်း အဲဒီပန်းပင်က ထွက်လာတဲ့ရနံ့တွေကို ရှူရှိုက်မိကာ အိပ်မောကျ သွားပါလေရောတဲ့။ မင်းသားလေး အိပ်မောကျနေချိန်မှာပဲ လူတွေက အနီးအနားကိုရောက်လာပြီး ပန်းပင်လေးကိုတွေ့၊ အပွင့်လေးကလည်းလှ၊ အနံ့လေးကလည်း စွဲမက်ဖွယ်ရာကောင်းလွန်းတာကြောင့် ပန်းပင်ကို နုတ်ယူသွားခဲ့ကြကာ တစ်ယောက်လက်ကနေတစ်ယောက် စိုက်လိုက်ပျိုးလိုက်ရင်း ပွားလာလိုက်တာ ဒီကနေ့ အချိန်အခါမှာတော့ အဲဒီ နတ်သမီးလေးထားခဲ့တဲ့ ချစ်သူလက်ဆောင် ပန်းပင်လေးက လူသားတစ်ရပ်လုံးကို ဒုက္ခတွေ ကြုံတွေ့နေစေ

mgyoe.com

mgyoe.com


ခဲ့ပြီပဲဖြစ်ပါတယ်။ တခြားကြောင့်တော့ မဟုတ်ပါဘူး။ နတ်သမီးလေး သူ့ချစ်သူကို လက်ဆောင်ပေးခဲ့ တဲ့ ပန်းပင်လေးဟာ poppy လို့ အမည်ရတဲ့ ဘိန်းပန်းပင်လေးဖြစ်ပြီး ချစ်သူအတွက် ချစ်သက်လက်ဆောင်ပေးခဲ့တဲ့ ပန်းကို လူသားတွေက ရက်ရက်စက်စက် နတ်ယူသွားခဲ့ကြတာကြောင့် အဲဒီပန်းရဲ့ ရနံ့ကို ရှူမိတဲ့သူတိုင်း ပျက်စီးခြင်းနဲ့ ကြုံရပါစေရဲ့လို့ ကျိန်စာတိုက်ထားခဲ့တာကြောင့်ပဲ ဖြစ်ပါသတဲ့ဗျာ။

ပုံပြင်ဆိုပေမဲ့လည်း ဒီကနေ့ မြင်တွေ့နေရတာတွေနဲ့ တစ်ထပ်တည်း ဖြစ်နေလေတော့ ဘိန်းပန်းဆိုတာ နတ်သမီး၊ နတ်သားတွေ အတွက်ပဲ သီးသန့်ထားခဲ့တာကို လူသားတွေက မတန်မရာသုံးစွဲနေကြလို့ များဘဝတွေပျက်နေကြတာလားဆိုတာကိုလည်း မဆီမဆိုင် တွေးနေမိပါတော့တယ်။

❖

mgyoe.com

mgyoe.com

## မူးယစ်အစ ဆေးလိပ်က

မှန်ပါတယ်။ မူးယစ်ဆေးဝါးတွေအားလုံးရဲ့ အစဟာ ဆေးလိပ်ပဲ ဖြစ်ပါတယ်။ ဆေးလိပ်မသောက်ဖူးသူ လူငယ်တစ်ယောက်အနေနဲ့ ဆေးခြောက်လည်းရှူဖြစ်ဖို့ လွယ်ကူမှာ မဟုတ်သလို စိတ်ကြွဆေး၊ အခု ခေတ်စားနေတဲ့ ICE ဆိုတာတွေကိုလည်း သုံးစွဲဖြစ်မှာ မဟုတ်တာ သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါတွေအားလုံးဟာ အငွေ့ကို ရှူရှိုက်ရတဲ့ အရာတွေဖြစ်တာကြောင့် ဆေးလိပ်မသောက်ဖူးဘဲနဲ့ ဖြစ်လာဖို့ဆိုတာ တော်တော်လေးခဲယဉ်းတဲ့ ကိစ္စတစ်ခုဖြစ်နေလို့ပါပဲ။ မူးယစ်ဆေးဝါး သုံးစွဲသူ အများစုဟာ သူတို့ရဲ့ မူးယစ်သားကောင်ဘဝကို အငွေ့ရှူရှိုက်ရတဲ့ မူးယစ်ဆေးကနေ စတင်ခဲ့ကြတာများပါတယ်။ အခုလူငယ်တွေအကြားမှာ ရေပန်းစားနေတဲ့ စိတ်ကြွဆေးဟာလည်း အငွေ့ကို ရှူရတာပဲဖြစ်ပါတယ်။ ခဲပြားပေါ်မှာ ဆေးပြားကိုတင်၊ အောက်ကနေ မီးအပူပေး၊ ထွက်လာတဲ့ အငွေ့ကို ရှူကြသလို တချို့တွေကျတော့လည်း ရေသန့်ဘူးတို့ အအေးဘူးတို့လို ဟာမျိုးတွေမှာ ပိုက်တွေဘာတွေတပ်ပြီး စနစ်တကျ ရှူလေ့ ရှိကြပါတယ်။

အဲ စာရေးသူတို့ ငယ်ငယ်ကတော့ ဆေးခြောက်ကို အဲလိုပုံစံနဲ့ ရှူခဲ့ဖူးပြီး ဆေးရှူတဲ့ပစ္စည်းကို ပေါ့လို့ ခေါ်ခဲ့ကြသလို တချို့ကျပြန်တော့

mgyoe.com

mgyoe.com
လည်း ပြောင်းလို့ အမည်ပေးခဲ့ကြပါတယ်။ အခု ခေတ်ကာလ လူငယ်တချို့ သုံးနေတဲ့ဟာ မျိုးကိုတော့ ရေပြောင်း ဒါမှမဟုတ် ရေပေါ့လို့ ခေါ်ရမယ် ထင်ပါတယ်။ ဘယ်လိုနည်းကို အသုံးပြုပြီးတော့ပဲ ရှူရှူ ဒီအငွေ့ကို ရှူတတ်ဖို့ ဆိုရင် ဆေးလိပ်မသောက်တတ်တဲ့လူငယ်တစ်ယောက်အနေနဲ့ ဘယ်လောက် အထိ ခက်ခဲမယ်ဆိုတာ တွေးကြည့်တာနဲ့တင်သိနိုင်ပါတယ်။ ဒီနေရာမှာ တချို့ ဆေးလိပ်လုံးဝမသောက်ဖူးဘဲ မူးယစ်ဆေးကို စတင်ရှူရှိုက် အသုံးပြု သူတွေ မရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် အဲဒီအရေအတွက်ဟာ အင်မတန် နည်းပါးတဲ့ အရေအတွက်သာဖြစ်ပြီး ဆေးသုံးစွဲသူ အယောက် တစ်သိန်းမှာ တစ်ယောက်တောင်ရှိမှာ မဟုတ်ပါဘူး။ ဒါက ဒီကနေ့ ခေတ် စားနေတဲ့ စိတ်ကြွဆေးလို မူးယစ်ဆေးမျိုးကိုပြောတာပါ။

ဟိုးအရင်ခေတ်က လူငယ်တွေအကြားမှာ အသုံးများခဲ့ကြတဲ့ မူးယစ်ဆေးတွေဘက်ကို ကြည့်မယ်ဆိုရင်လည်း ဒီပုံစံအတိုင်းပဲ ဖြစ်ပါ တယ်။ ဆေးလိပ်က စခဲ့ကြတာဖြစ်ပြီး အဲဒီကမှတစ်ဆင့် ဆေးခြောက်၊နောက် ခဏနေတော့ တစ်ဆင့်တက်ပြီး ကိုမီတာဇင်လို ချောင်းဆိုးပျောက်ဆေး အရည်၊ ကိုမီတာဇင် မရတဲ့အခါကျတော့ အိန္ဒိယကလာတဲ့ ဖန်ဆီရိုင်း၊ ဖန်ဆီရိုင်းက အဖမ်းအဆီးများပြီး ဈေးတွေတက် ပိုက်ဆံမတတ်နိုင်တဲ့အခါ ကျတော့ ဘိန်းကင်လုံး၊ ဘိန်းချေးခြောက်၊ ဘိန်းဆီ၊ နောက်တော့ ဘိန်းဖြူ ဒီလိုတွေ တစ်ဆင့်ပြီးတစ်ဆင့် အဆင့်တက်သွားကြတာက များပါတယ်။ ဒီကြားထဲမှာ ကြားပေါက်ပေါ်လာတာတစ်ခုကတော့ အိုပီယံသင်ချာ အရည် ပဲ ဖြစ်ပါတယ်။ ကိုမီတာဇင်၊ ဖန်ဆီရိုင်းတို့နဲ့ရောပြီး သောက်ကြတာများသလို နောက်ဆုံး ပိုက်ဆံမတတ်နိုင်တဲ့ အခါကျတော့လည်း သူ့ချည်းသက်သက် သောက်ကြရတော့ ပြန်တာပါပဲ။

ဒီမူးယစ်ဆေးဝါးတွေထဲမှာ ဆေးခြောက်ကို အများစုက ဆေးလိပ် ထဲ ထည့်ရှူကြတာဖြစ်ပြီး စာရေးသူတို့ ခေတ်ကာလကတော့ ဆေးလိပ် အဲဒီကမှတစ်ဆင့် ဆေးခြောက်ကို စမ်းသပ်ရှူရာကနေ ဆေးစွဲသွားကြတာ များပါတယ်။ ဆေးခြောက်ကို အပျော်သဘောဟင်းထဲ ထည့်ချက်စားတာမျိုး တွေ လုပ်လေ့ရှိကြပေမဲ့ အများစုကတော့ ဆေးလိပ်ထဲထည့် ရှူရှိုက်ရှူ ဒါမှ မဟုတ် အထက်မှာတင်ပြခဲ့တဲ့ ပေါ့ လိုဟာမျိုးတွေသုံးပြီး ရှူကြတာ များပါ
mgyoe.com

mgyoe.com
တယ်။ ဆေးလိပ်ထဲက ဆေးသားနဲ့ ဆေးခြောက်အရွက်ကို ရောပြီး အငွေ့ကို ရှူရှိုက်ရတာဖြစ်လို့ ဆေးလိပ်မသောက်တတ်တဲ့ သူတွေအနေနဲ့ ဆေးခြောက် ရှူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မိဘတွေအနေနဲ့ ကိုယ့် သားသမီး ဆေးလိပ်သောက်တာကို ဘယ်လိုမှ တားမရလို့ ခွင့်ပြုလိုက်ရပြီ ဆိုရင် ဆေးခြောက် ဒါမှမဟုတ် ဆေးပြားတွေဘက်ကို ဦးတည်ပြီလားဆိုတာ သတိထားစောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

အကောင်းဆုံးကတော့ ဆေးလိပ်မသောက်မိဖို့ တင်းတင်းကျပ်ကျပ် တားမြစ်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဆေးလိပ်သောက်တဲ့သူတိုင်း မူးယစ်ဆေးဝါးသုံးတဲ့လားဆိုတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ မူးယစ် ဆေးဝါးသုံးစွဲသူတိုင်းဟာ ဆေးလိပ်သောက်ကြတာကတော့ ငြင်းမရတဲ့ အချက်ပဲဖြစ်ပါတယ်။ ဆေးလိပ်ဟာ မူးယစ်သမားဘဝ အစပြုဖို့ တံခါး ပေါက်ပဲဖြစ်ပါတယ်။ အဲဒီတံခါးကို ဖွင့်မိသွားပြီဆိုရင် နောက်ဆက်တွဲတွေ တစ်ဆင့်ပြီးတစ်ဆင့် လိုက်လာတတ်တာမို့ ဆေးလိပ်သောက်တဲ့ အလေ့ အထကို မဖြစ်မနေတားမြစ်ရမယ့် အရာတစ်ခုလို့ စာရေးသူက သတ်မှတ် ခြင်းပဲ ဖြစ်ပါတယ်။ ဘယ်လိုမှ ပြောမရလို့ ဆေးလိပ်သောက်တာကို ခွင့်ပြု လိုက်ရပြီဆိုရင်တော့ ကိုယ့်သားသမီးရဲ့ အမူအကျင့်တွေကို အခါအားလျော် စွာ လေ့လာအကဲခတ်နေဖို့ လိုအပ်ပါတယ်။

ဘယ်သူတွေနဲ့ ပေါင်းနေသလဲ၊ အပေါင်းအသင်းတွေရဲ့ အခြေ အနေက ဘယ်လိုရှိသလဲဆိုတာကို မသိမသာတစ်မျိုး သိသိသာသာတစ်မျိုး အကဲခတ်ဖို့ လိုအပ်ပါတယ်။ ဘာကြောင့်ဒီလောက်အထိ ပြောနေရသလဲ ဆိုရင် မူးယစ်ဆေးဝါးဆိုတာ အင်မတန်ထိလွယ်ရှလွယ်ပါတယ်။ ပတ်ဝန်း ကျင်ရဲ့ နေရာတိုင်းမှာ အသွင်အမျိုးမျိုးနဲ့ စောင့်ကြိုနေလေ့ ရှိပါတယ်။ အတည်မပြုနိုင်တဲ့ သတင်းတွေအရ အခုဆိုရင် အခြေခံပညာအထက်တန်း ကျောင်းတချို့ရဲ့ ဝန်းကျင်တွေမှာတောင် ဆေးပြားရောင်းချမှုတွေ ရှိနေတယ် လို့ ဆိုပါတယ်။ မူးယစ်ဖြန့်ချိသူတွေ ပစ်မှတ်ထားတာကာ ငွေကြေးတတ်နိုင် တဲ့ ဆယ်ကျော်သက်ရွယ်လူငယ်တွေပဲ ဖြစ်ပါတယ်။ ကိုယ်က တစ်ချက်လေး လျစ်လျူရှုလိုက်မိလို့ အသိနောက်ကျပြီး ကိုယ့်သားသမီး မူးယစ်ဆေးကို စွဲလမ်းတဲ့ အဆင့်ရောက်သွားပြီဆိုရင်တော့ ရင်နာစရာဇာတ်လမ်းတွေကို
mgyoe.com

mgyoe.com
ဆက်တိုက်ဆိုသလို ကြုံတွေ့ရဖို့ သေချာသလောက်ရှိပြီး မိသားစုအတွင်းက သာယာချမ်းမြေ့မှုတွေအားလုံးကို မူးယစ်ဆေးက ယူဆောင်သွားမှာ ဖြစ်ပါတယ်။

မိသားစုတစ်ခုအတွင်းမှာ မူးယစ်ဆေးစွဲနေတဲ့သူ တစ်ယောက်ရှိပြီဆိုရင် ဖွတ်တက်တာထက်ဆိုးတဲ့ အနိဋ္ဌာရုံပေါင်းစုံကို ကြုံတွေ့ရဖို့ သေချာပါတယ်။ ကျန်တာတွေအသာထားလို့ ငွေကြေးကိစ္စတစ်ခုတည်းနဲ့တင် အိမ်ထောင်စုအတွင်းမှာ ကြီးမားတဲ့ တင်းမာမှုတွေကို ရင်ဆိုင်ဖြေရှင်းကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မိဘညီအစ်ကိုမောင်နှမတွေအနေနဲ့ အရွယ်ရောက်စလူငယ်တစ်ဦး ဆေးလိပ်သောက်တတ်ပြီဆိုတာနဲ့ သူ့ရဲ့လှုပ်ရှားပုံတွေ၊ အနေအထိုင်တွေကို သိသိသာသာရော မသိမသာပါ အကဲခတ်နေမှပဲ တော်ကာကျမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်က ဆေးလိပ်နဲ့ဆေးရွက်ကြီးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပေမဲ့ လိုက်နာမှုအပိုင်းမှာ အားနည်းနေတာဟာလည်း လူငယ်တွေ ဆေးလိပ်စသောက်ဖြစ်ဖို့ တွန်းအားပေးသလိုဖြစ်နေတယ်ဆိုတာကို သတိပြုမိပါတယ်။

အထူးသဖြင့် အခြေခံပညာကျောင်းတွေနားတစ်ဝိုက်ဝန်းကျင်မှာ ဆေးလိပ်နဲ့ ဆက်စပ်ပစ္စည်းတွေကို အလွယ်တကူ ဝယ်ယူလို့ရနေတာဟာ ကျောင်းသားအရွယ်လူငယ်လေးတွေ ဆေးလိပ်ကို လက်တည့်စမ်းမိစေဖို့ အကွက်အကွင်းကောင်း တစ်ခုဖြစ်နေတာကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ တင်းတင်းကျပ်ကျပ် ကိုင်တွယ်သင့်တယ်လို့လည်း စာရေးသူက အကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ စာရေးသူအပါအဝင် ဆေးလိပ်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ သောက်ခဲ့ကြသူအားလုံးနီးပါးဟာ အခြေခံပညာအဆင့် ကျောင်းတွေမှာ တက်ရောက်နေခဲ့စဉ်ကာလအတွင်း ဒီအပြုအမူကို စတင်ဖြစ်ခဲ့ကြတာကြောင့်ပါ။

❖

mgyoe.com

mgyoe.com

# မူးယစ်ဆေးစသုံးပြီဆိုရင်

အထက်မှာတင်ပြခဲ့သလိုပဲ လူငယ်တစ်ဦးဟာ ဆေးလိပ်သောက်တတ်ပြီဆိုတာနဲ့ မူးယစ်ဆေးဘက်ကို အချိန်မရွေး ရောက်ရှိသွားနိုင်တာကြောင့် မိဘညီအစ်ကိုမောင်နှမတွေအံနေနဲ့ စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။ ဒါဆိုရင် မူးယစ်ဆေး သုံးစွဲနေပြီလားဆိုတာ ဘယ်လိုပုံသဏ္ဌာန်တွေနဲ့ ခွဲခြားသိရှိနိုင်မလဲဆိုတာကို သိထားဖို့ လိုလာပါပြီ။ အဓိကကတော့ မျက်လုံးပါပဲ။ မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့မျက်လုံးဟာ လူသာမန်တွေရဲ့ မျက်လုံးနဲ့မတူသလို သူတို့ရဲ့အပြုအမူတွေဟာလည်း သာမန်လူတွေနဲ့ တော်တော်လေးကွဲပြားပါတယ်။ ဥပမာ ဆေးခြောက်ရှူလာခဲ့ပြီဆိုရင် သူတို့ရဲ့ မျက်လုံးတွေကစင်းနေပြီး ရွဲနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ မျက်လုံးထဲမှာ မျက်ရည်လေးတွေရစ်ဝဲနေတာကြောင့် တချို့သော မိန်းကလေးတွေခမျာ အဲဒီမျက်လုံးလေးတွေကိုပဲ တမ်းတမ်းစွဲတဲ့အထိ ဖြစ်လေ့ရှိတတ်ပါတယ်။ ဒါကကြားပေါက်တင်ပြတာပါ။ နောက်တစ်ခု အသိသာဆုံးအချက်ကတော့ ဆေးခြောက်ရှူလာပြီဆိုရင် အိမ်ကရှိသမျှ ထမင်းတွေဟင်းတွေအပြင် ရေခဲသေတ္တာထဲ၊ ကြောင်အိမ်ထဲလိုနေရာမျိုးတွေက သရေစာတွေလည်း တစ်ခုမကျန်စားသောက်တော့မှာပဲဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အဲ နေပုံထိုင်ပုံကတော့ ထိုင်နေရင်ပဲဖြစ်ဖြစ်၊ အိပ်နေရင်ပဲဖြစ်ဖြစ် မျက်လုံးလေးမှေးပြီး တစ်စုံတစ်ခုကို အရမ်းအာရုံစူးစိုက်စွာ လုပ်ဆောင်နေမှာပဲ ဖြစ်ပါတယ်။ သီချင်းနားထောင်ရင်ပဲဖြစ်ဖြစ်၊ ရုပ်ရှင်၊ ဗီဒီယိုကြည့်ရင်ပဲ ဖြစ်ဖြစ်၊ ဂိမ်းစ်ကစားရင်ပဲဖြစ်ဖြစ်၊ ဘာကိုပဲလုပ်လုပ် အဲဒီအလုပ်ထဲမှာပဲ အာရုံစူးစိုက်နေလေ့ရှိပြီး တစ်ယောက်ယောက်ကသွားပြီး အနှောင့်အယှက်ပေးမိရင် အနည်းနဲ့အများတော့ ပြဿနာအရှာခံရမှာ သေချာပါတယ်။ အဲ သိပ်ကောင်းနေတဲ့အချိန်မျိုးဆိုရင်တော့ ထပြီးဂူးဝါးလုပ်တာကို ရင်ဆိုင်ကြရဖို့ သေချာပါတယ်။ ဒီကနေ့ ခေတ်စားနေတဲ့ ဆေးပြားတွေကို ရှူလာပြီဆိုရင်တော့ အရင်က ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ ဘာတစ်ခုမှခိုင်းလို့မရတဲ့ သူတွေတောင် တက်ကြွနေမှာဖြစ်ပြီး ဟိုဟာဆိုလည်း လုပ်လိုက်မယ်၊ ဒီဟာဆိုလည်း ထားလိုက်ထားလိုက် ကျွန်တော်လုပ်လိုက်မယ်ဆိုပြီး တားယူရတဲ့အထိ အလုပ်တွေကို ဇယ်ဆက်သလို လုပ်တတ်လာပါတယ်။

တချို့ကျတော့လည်း တစ်နေကုန် တီဗီထိုင်ကြည့်နေတာတွေ ဂိမ်းစ်ထိုင်ဆော့နေတာတွေကို လုပ်လေ့ရှိကြပြီး အသိသာဆုံးအချက်ကတော့ ညမအိပ်တာပါပဲ။ ညဘက် တစ်ညလုံးနီးပါး ဟိုဟာလုပ်သလိုလို ဒီဟာလုပ်သလိုလိုနဲ့ အချိန်ကုန်နေလေ့ရှိပြီး ဆေးရှိန်ပြယ်တဲ့ နေ့ခင်းဘက်အချိန်တွေ ရောက်ပြီဆိုရင်တော့ တစ်နေကုန်အိပ်ရာထဲက မထွက်တော့ပါဘူး။ ဒီဘက်နောက်ပိုင်းကာလတွေမှာ မြင်တောင်မမြင်ဘူးတော့တဲ့ ကိုမီတာဇင်၊ ဖန်ဆီရိုင်းတို့ သုံးထားတဲ့သူတွေရဲ့ ပုံစံကတော့ ဆေးခြောက်နဲ့ ပြောင်းပြန်ပါ။ အဲဒီပစ္စည်းတွေကို သုံးထားပြီဆိုရင် မျက်လုံးတွေက ပြူးပြီး ဝိုင်းစက်နေမှာဖြစ်ပါတယ်။ အဲလက်ဖက်ရည်ဆိုင်လို နေရာမျိုးမှာ ထိုင်နေပြီဆိုရင် ရေနွေးကြမ်းတွေ တစ်ခွက်ပြီးတစ်ခွက်အဆက်မပြတ်သောက်နေမှာဖြစ်ပြီး နှာခေါင်းလို နေရာနားတစ်ဝိုက်ကို တစ်ချိန်လုံးနီးပါး ပွတ်နေတော့မှာ ဖြစ်ပါတယ်။

စိတ်နဲ့ သက်ဆိုင်တဲ့ အပိုင်းတွေမှာတော့ သူလည်း ဆေးခြောက်နဲ့ သိပ်မထူးပါဘူး။ ငြိမ်ပြီး တစ်ခုခုထဲမှာ အာရုံရောက်နေလေ့ရှိကာ ဘေးမှာလာပြီး စကားအကျယ်ကြီးပြောရင်တောင် သိပ်မကြိုက်ချင်ပါဘူး။ အဲ ရှာန်ဝင်စားမှု အားကောင်းလွန်းတာကြောင့် တချို့သော တေးရေးဆရာတွေဟာ

mgyoe.com

mgyoe.com
ကိုမီတာဇင်ကို တော်တော်လေး စွဲလမ်းခဲ့ဖူးပြီး ကိုမီတာဇင်၊ ဖန်ဆီရိုင်းလို အရာတွေကို သုံးထားရင် ပင်ကိုယ်အသံထက် ကြည်လင်တဲ့အသံကို ရလေ့ရှိတာကြောင့် အဆိုတော်ကြီးတချို့လည်း အဲဒီခေတ် အဲဒီအခါက ကိုမီတာဇင်ကို တော်တော်စွဲလမ်းခဲ့ကြပါတယ်။

ဘိန်းကတော့ တစ်မျိုးပါ၊ ဘိန်းမည်းတွေနဲ့ ဘိန်းဖြူနဲ့တောင် မတူပါဘူး။ ဘိန်းကို အသုံးပြုထားပြီဆိုရင်တော့ သူချည်းသက်သက်ဆို သုံးပြီးတာနဲ့ အိပ်ရာထဲက မထွက်တော့ဘဲ မှိန်းနေတော့မှာ ဖြစ်ပါတယ်။ မှေးနေရင်းကနေ ပါးစပ်က စကားတွေပြောနေပေမဲ့ မျက်လုံးကတော့ ဖွင့်မှာမဟုတ်ပါဘူး။ ဘိန်းစားထားရင် အသိသာဆုံးအချက်ကတော့ တစ်ကိုယ်လုံးကို ဟိုနေရာပွတ်လိုက် ဒီနေရာပွတ်လိုက်နဲ့ လုပ်နေမှာဖြစ်ပြီး ဘာအလုပ်ကိုမှ လုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ အိမ်က တစ်ခုခုခိုင်းရင်တောင် စိတ်မသက်မသာနဲ့ ပါးစပ်က တဖျစ်တောက်တောက် ပြောရင်း ထလုပ်ပေးမှာဖြစ်ပါတယ်။ အဲ သိပ်ကောင်းနေတဲ့ အခါမျိုးတွေမှာဆိုရင်တော့ ဘယ်လောက်ပဲ အာပေါက်အောင်ခိုင်းခိုင်း လုံးဝထလုပ်ပေးမှာ မဟုတ်တာ သေချာပါတယ်။

နောက်အသိသာဆုံးတစ်ချက်ကတော့ အန်တာပါ။ ဘိန်းမည်းပဲ မျိုးမျို ဘိန်းဖြူပဲသုံးသုံး စားထားသောက်ထားသမျှတွေ ပြန်အန်ထွက်လေ့ရှိပါတယ်။ ဘိန်းဖြူကတော့ အသိသာဆုံးပါပဲ။ ထိုးလိုက်လို့ ဖီးလ်စတက်ပြီဆိုတာနဲ့ ဝေါခနဲ ထိုးအန်တော့တာပါပဲ။ ဘိန်းမည်းနဲ့ကွာခြားချက်က ဘိန်းဖြူဟာ အတက်မြန်သလို အကျလည်း မြန်တာပဲဖြစ်ပါတယ်။ ဒါတွေက ရုပ်ဝတ္ထုတွေနဲ့ သက်ဆိုင်တဲ့ကဏ္ဍတွေကို အကျဉ်းချုံးတင်ပြခြင်းပဲ ဖြစ်ပါတယ်။ နောက်ထပ် အသိသာဆုံးအချက်ကတော့ ပိုက်ဆံကို ပုံမှန်ထက် သိသိသာသာ ပိုသုံးလာတာပဲဖြစ်ပါတယ်။ မူးယစ်ဆေးစွဲပြီဆိုတာနဲ့ မကြာခဏဆိုသလို တစ်ခုခုအကြောင်းပြပြီး ပိုက်ဆံတောင်းတဲ့ အကျင့်ဆိုးတစ်ခု ဝင်ရောက်လာတော့မှာဖြစ်ပါတယ်။

မူးယစ်ဆေးမသုံးခင်အချိန်တွေက တစ်ပတ်နေမှ တစ်ခါလောက်၊ ဒါမှမဟုတ် တစ်လနေမှ တစ်ခါလောက်သာ ပိုက်ဆံ အပိုတောင်းလေ့ရှိပေမဲ့ မူးယစ်ဆေးကို စသုံးပြီဆိုတာနဲ့ အချိန်တို အတွင်းမှာပဲ ငွေကြေးသုံးစွဲမှုနှုန်းက သိသိသာသာမြင့်လာမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ အကြောင်းအမျိုး

mgyoe.com

မျိုးပြ ပိုက်ဆံအပိုတောင်းတာတွေကလည်း ရက်စိပ်လာတော့မှာ ဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် ခဏနေတော့ အိမ်မှာရှိတဲ့ ပစ္စည်းအတိုအထွာ ပျောက်တာလေးတွေ ဖြစ်လာတတ်သလို အမေ့အိတ်ထဲကပိုက်ဆံ၊ အဖေ့အိတ်ထဲက ပိုက်ဆံတွေဟာလည်း မသိမသာတစ်မျိုး သိသိသာသာတစ်မျိုး လျော့လာတော့မှာ ဖြစ်ပါတယ်။

ဒီလိုတွေဖြစ်လာခဲ့ပြီဆိုရင်တော့ သက်ဆိုင်ရာမိသားစုတွေအနေနဲ့ သတိကြီးကြီးထားရတော့မှာဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ ကိုယ့်သားလေးသမီးလေးတော့ ဒီလောက်အထိ မိုက်လုံးကြီးလိမ့်မယ် မထင်ဘူးဆိုတဲ့အတွေးနဲ့ လျော့မတွက်ကြဖို့ပါပဲ။ စာရေးသူတို့တုန်းကတော့ မိန်းကလေး မူးယစ်ဆေးသုံးတယ်ဆိုတာ အင်မတန်ရှားပါးပေမဲ့ ဒီခေတ်ကာလမှာတော့ မိန်းကလေးတွေလည်း မူးယစ်ဆေးကို အလွယ်တကူသုံးစွဲနေကြပြီဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ လတ်တလော ပူပူနွေးနွေးမှာပဲ ဆယ်ကျော်သက်ရွယ် မိန်းကလေးတစ်ယောက် နေအိပ်ခန်းထဲမှာ သေနေပြီး မူးယစ်ဆေးသုံးတဲ့ ပစ္စည်းတွေ တွေ့တယ်ဆိုတဲ့သတင်းတွေ၊ ဆွဲကြိုးတွေ၊ လက်တော့ပ်တွေ ခိုးသွားတဲ့ မိန်းကလေးကို တက်ဖမ်းရာကနေ မူးယစ်ဆေးဝါးမိတယ်ဆိုတဲ့ သတင်းတွေကို မြင်နေကြားနေကြရတာဖြစ်ပါတယ်။

ဒါတွေတင်လားဆိုတော့ မဟုတ်သေးပါဘူး။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချသူတွေကို ဖမ်းမိတဲ့အခါမှာလည်း အမျိုးသမီးလေးတွေ ပါနေလေ့ရှိတာကို သတိပြုမိကြမှာပါ။ တကယ်တော့ မူးယစ်ဆေးစွဲပြီဆိုရင် ယောကျ်ားလေးတွေထက် မိန်းကလေးတွေက ပိုဆိုးလေ့ရှိတာကြောင့် သမီးရှင်တွေအနေနဲ့လည်း ကိုယ့်သမီးပျိုလေးတွေရဲ့ အမူအကျင့်နဲ့ အပေါင်းအသင်းတွေကို ထာဝရသတိပြုနေဖို့ လိုပါတယ်။ စာရေးသူဘဝမှာ မူးယစ်ဆေး (အဲဒီတုန်းကတော့ ဘိန်းဖြူပေါ့) သုံးတဲ့ မိန်းကလေး လေးယောက်လောက်နဲ့ ဆုံခဲ့ဖူးပါတယ်။ အားလုံးဟာ သူတို့ဘဝတွေကို လုံးဝတန်ဖိုးမထားတော့ဘဲ မူးယစ်ဆေးသုံးခွင့်ရဖို့ဆိုရင် ဘယ်သူနဲ့ အိပ်ရ အိပ်ရ အိပ်တဲ့အထိ ဖြစ်ခဲ့ကြတာပါ။ သူတို့အားလုံးကိုကြည့်လိုက်တော့လည်း အမျိုးကောင်းသမီးလေးတွေပါ။

တစ်ယောက်ဆိုရင် အဲဒီအချိန်တုန်းက ညွှန်ကြားရေးမှူးချုပ် တစ်

mgyoe.com

mgyoe.com


ဦးရဲ့ သမီးဖြစ်ပြီး နေတာက ဆရာစံလမ်းမကြီးဘေးမှာ နေတာပါ။ အသိုင်းအဝန်းကောင်းပြီး ပြည့်စုံတဲ့ မိသားစုဝင်တစ်ဦးဖြစ်ခဲ့ပေမဲ့ အဲဒီမိန်းကလေးရဲ့ နောက်ဆုံးခရီးကတော့ မလှပခဲ့ပါဘူး။ အစပိုင်းကာလတွေမှာတော့ မိဘညီအစ်ကိုမောင်နှမ အသိုင်းအဝန်းက သူလုပ်သမျှ လိုက်ဖြေရှင်းပေးခဲ့ပေမဲ့ တစ်ကြိမ်ကနှစ်ကြိမ် နှစ်ကြိမ်က အကြိမ်ကြိမ်ဖြစ်လာတော့လည်း မျက်စေ့စုံမှိတ်ပြီး လက်လွှတ်လိုက်ရတော့တာပါပဲ။

အစောပိုင်းကာလတွေတုန်းကတော့ ပိုက်ဆံသုံးနိုင် ဖြုန်းနိုင်သူမို့ မူးယစ်သမားတွေ ဝိုင်းဝိုင်းလည်နေခဲ့ကြပေမဲ့ နောက်ပိုင်း သူ့ဆီက ဘာမှထွက်မလာတော့တဲ့ အခါမှာတော့ အသုံးကြားတာနဲ့ ဝေးဝေးကို ပြေးတဲ့ အဆင့်အထိ ဖြစ်ခဲ့ကြတာပါ။ ဒါဟာ မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ ဘဝပါပဲ။ သူတစ်ယောက်တည်းမှ မဟုတ်ပါဘူး။ မူးယစ်ဆေးသုံးစွဲသူတိုင်း ဒီဖြစ်စဉ်ကို မလွဲမသွေ ကြုံကြရမှာ ဖြစ်ပါတယ်။ အစောပိုင်းကာလ ကိုယ်ပိုက်ဆံတတ်နိုင်နေချိန်မှာ ဝယ်ပေးမယ့် သူတွေ၊ ပါးစပ်ထဲအရောက် ဆေးစပ်ဆေးထိုးပေးမယ့်သူတွေ များပြားလှပေမဲ့ ကိုယ့်ဆီက ဘာမှ ထွက်လာစရာမရှိတော့တဲ့ အချိန်ရောက်ပြီဆိုရင်တော့ ဘယ်သူကမှ ဒုက္ခတွေကို မျှဝေပြီး လှည့်ကြည့်နေမှာ မဟုတ်တာ သေချာပါတယ်။ ကဲ စဉ်းစားကြည့်ပါဦး။ ဘယ်လောက်တောင် ကြောက်စရာကောင်းလိုက်တဲ့ မူးယစ်ဆေးပါလဲ။ အခုခေတ်လည်း ဒီအတိုင်းပါပဲ။ တချို့များဆို ရောင်းတဲ့အဆင့်အထိကိုတောင် တက်လှမ်းခဲ့ကြပြီး နောက်ဆုံးမှာတော့ ထောင်ဒဏ်နှစ်ရှည်တွေကျ၊ ထောင်ထဲမှာပဲ သေကြသလို အပြင်မှာ ကျန်ခဲ့တဲ့ သူတွေကလည်း AIDS လို ရောဂါဆိုးတွေရဲ့ ဖိစီးနှိပ်စက်မှုနဲ့အတူ ဘဝတစ်ပါးကို ပြောင်းသွားခဲ့ကြရပါတယ်။

ပူပူနွေးနွေး ကိုယ်တွေ့ကြုံရတဲ့ အဖြစ်အပျက်လေးတစ်ခုကိုလည်း အကျဉ်းချုံးပြီး ဖော်ပြလိုပါတယ်။ စာရေးသူနေထိုင်ရာ ရပ်ကွက်အတွင်းက လူငယ်လေးတစ်ယောက် အကြောင်းပါ။အဘိုး၊ အဘွားတွေ၊ အဒေါ်တွေ၊ မိဘတွေက ဖူးဖူးမှုတ်အလိုလိုက်ထားတဲ့တစ်ဦးတည်းသော သားယောက်ျားမြေးလေးတစ်ဦးဆိုပါတော့။ အမေက ကျောင်းဆရာမ၊ အဖေကဝန်ထမ်းဆိုပေမဲ့လည်း အေးချမ်းသာယာတဲ့ မိသားစုလေး တစ်ခုဖြစ်ပါတယ်။ အဘိုးလုပ်

mgyoe.com

mgyoe.com

သူက ဌာနဆိုင်ရာတစ်ခုကနေ အငြိမ်းစားယူထားတဲ့အရာရှိကြီးဖြစ်လို့ မချမ်းသာပေမဲ့ ချောင်လည်တဲ့မိသားစုလည်း ဖြစ်ပါတယ်။ ကာယကံရှင်က လည်း ဖြူဖြူချောချောလေးဖြစ်တာမို့ ပတ်ဝန်းကျင်ရဲ့ ချစ်ခြင်းကိုပါခံရသူပါ။ မြေးယောကျ်ားလေးကလည်း ဒီတစ်ယောက်တည်းဖြစ်ပြန်ဆိုလေတော့ အဘိုးအဘွားတွေမှာ သူတို့မြေးလေး ထောင်ကျစ ကာလတွေကဆို အိပ်ယာ ပေါ် ဗုန်းဗုန်းလဲတဲ့အထိကို ခံစားခဲ့ကြရတာပါ။ အရပ်ထဲလည်း မျက်နှာမပြ ရဲတဲ့အထိ ဆိုပါတော့။

တိုတိုပြောရရင် ကောင်လေးက ဆယ်တန်းအောင်လို့ တက္ကသိုလ် စတက်ချိန်မှာ မူးယစ်ဆေးဝါးနဲ့ စတင်ထိတွေ့ခဲ့ပါတယ်။ အစောပိုင်းကာလ တွေမှာ ဟိုလူပြော ဒီလူပြောတာတွေကို ကြားခဲ့ရပေမဲ့ သူ့မိသားစုဝင်တွေ မပြောနဲ့ စာရေးသူတောင် မယုံနိုင်ခဲ့ပါဘူး။ သို့သော်လည်းပဲ တစ်နေ့ လူချင်း အတွေ့မှာတော့ သူ့ရဲ့ပုံပန်းသဏ္ဍာန်တွေက မူးယစ်ဆေးဝါးသမားလေး ဖြစ်နေပြီဆိုတာကို ညွှန်ပြနေပါတော့တယ်။ ကြားရတဲ့သတင်းတွေအရ မိသားစုကလည်း သိနေပြီး မူးယစ်ဖြတ်တဲ့ဌာနတွေကို ပို့တာတွေ ဘာတွေ ရှိခဲ့ပေမဲ့ မပြတ်ခဲ့ဘဲ နောက်ဆုံးမှာတော့ မူးယစ်ဆေးဝါးလက်ဝယ်တွေ့တာ ကြောင့် ထောင် ၁၅ နှစ်ကျသွားခဲ့တယ် ဆိုတာပါပဲ။ ကဲ... ဘယ်လောက်များ ရင်နာစရာကောင်းတဲ့ ဖြစ်ရပ်ပါလဲ။ မူးယစ်ဆေးနဲ့ပတ်သက်လာရင် အဲဒီ ထက်ရင်နာစရာကောင်းတဲ့ ဖြစ်ရပ်တွေ များစွာရှိနေပါသေးတယ်။ အလျဉ်း သင့်သလို ထည့်သွင်းဖော်ပြသွားဖို့လည်း ရည်ရွယ်ထားပါတယ်။

❖

mgyoe.com

mgyoe.com

## ဆေးစွဲရင်ဖြတ်ဖို့ လွယ်သလား

မူးယစ်ဆေးသမားဘဝ တစ်နည်းပြောရရင် ထုံထိုင်းတွေရဲ့ဘဝဟာ အင်မတန်သနားစရာကောင်းပါတယ်။ ဆေးစွဲတဲ့ကာလ ရှည်ကြာလာတာနဲ့ အမျှ ကိုယ်ကိုယ်တိုင်ကလည်း ဒီသံသရာကြီးထဲက ရုန်းထွက်ချင်တဲ့စိတ် ရှိနေလေ့ရှိကြပါတယ်။ သို့သော်လည်းပဲ ဒီမူးယစ်ဆေးရဲ့ ကောင်းလွန်းလှတဲ့ အာရုံခံစားမှုတွေအောက်က ဘယ်လိုမှရုန်းမထွက်နိုင်အောင် ဖြစ်ကြရပြီး နောက်ဆုံးမှာတော့ အထက်မှာတင်ပြခဲ့သလိုပဲ ဘဝပျက်သွားကြရတာပါ။ ဒီနေရာမှာ မူးယစ်ဆေးဝါးဖြတ်ပေးတဲ့ဌာနတွေနဲ့ပတ်သက်ပြီး အောင်မြင်မှု ရသလား၊ မရဘူးလားဆိုတာကလည်း အသေအချာ အဖြေရှာဆန်းစစ်ကြည့် ရမယ့် ကိစ္စရပ်တစ်ခုလို့ စာရေးသူ မြင်မိပါတယ်။ စာရေးသူသိသလောက် ကတော့ မူးယစ်ဆေးဝါးဖြတ်ပေးတဲ့ နေရာတွေကနေ ပြန်လာသူ အယောက် ၁၀၀ မှာ ၉၉ ယောက်လောက်က မူးယစ်ဆေးဝါးလောကထဲကို ပြန် ရောက်ခဲ့ကြလို့ပဲဖြစ်ပါတယ်။

စာရေးသူတို့ငယ်ငယ် ဘိန်းကို စွဲစွဲမြဲမြဲ သုံးစွဲနေစဉ်ကာလတွေ တုန်းကတော့ အဲဒီနေရာတွေဆိုတာ တော်ရုံလူတွေ အနားတောင် မကပ်နိုင် တဲ့ အခြေအနေမျိုးပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် လူကြီးသားသမီးတွေ

mgyoe.com

mgyoe.com

လောက်သာ တက်ရောက်ကုသမှုခံယူနိုင်တဲ့ နေရာတွေဖြစ်ခဲ့ပြီး အဲဒီနေရာတွေအထိ လာရောက်ရောင်းချသူတွေ ရှိနေခဲ့တာကြောင့် နိုင်ငံတော်ဘက်ကငွေကုန်ကြေးကျ အမြောက်အမြားခံ ဖွင့်လှစ်ခဲ့တဲ့ မူးယစ်ဆေးဖြတ် ဌာနတွေရဲ့ ရည်မှန်းချက်ဟာ အဲဒီကာလကတော့ မအောင်မြင်ဘူးလို့ပဲ သတ်မှတ်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မလိမ္မာတစ်ခါမိုက်မိတဲ့အတွက်မူးယစ်အမှုနဲ့ ထောင်ကျခံနေရတဲ့လူငယ်လေးတွေအရေးပါ။ သူတို့ကို ထောင်သွင်းအကျဉ်းချစေတာထက် သူတို့ရဲ့ ဘဝတွေကို မူးယစ်လုံးဝကင်းစင်တဲ့ဘဝရောက်အောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဘယ်လိုလုပ်ကိုင်ကြမလဲဆိုတာက တော်တော်လေး အရေးပါတဲ့ကိစ္စတစ်ခု ဖြစ်လာနေတယ်လို့ မြင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ မူးယစ်မှုနဲ့ ထောင်ကျသွားတဲ့ လူငယ် ၁၀၀မှာ အယောက် ၉၀ လောက်က အပြင်ပြန်ရောက်တာနဲ့ သိပ်မကြာဘဲဘဝဟောင်းကို ပြန်ရောက်သွားကြလို့ပဲ ဖြစ်ပါတယ်။ ဒါကလည်း သိပ်တော့မဆန်းပါဘူး။ ပြင်ပကမ္ဘာရောက်တာနဲ့ မူးယစ်ဆေးဝါးတွေက အသင့်စောင့်ကြိုနေသလို မိတ်ဟောင်းဆွေဟောင်း၊ အပေါင်းအသင်းဟောင်းတွေကလည်း အရန်သင့် စောင့်ကြိုနေကြလို့ပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ထောင်ကထွက်လာချိန်မှာ အလုပ်အကိုင်ကလည်း မည်မည်ရရမရှိ၊ ပတ်ဝန်းကျင်ကလည်း ဘိန်းစားထောင်ထွက်ဆိုပြီး သိပ်မဆက်ဆံချင်ဆိုလေတော့ကိုယ်ခင်တွယ်တဲ့ ရပ်ဝန်းဟောင်းက အပေါင်းအသင်း မိတ်ဆွေတွေဆီပြန်စိတ်လည်ပြီး ဒီဘိန်းသံသရာထဲကို ပြန်ရောက်သွားကြတော့ ပြန်တာပါပဲ။

နောက်အဆိုးဆုံးတစ်ချက်ကတော့ ထောင်ထဲရောက်သွားတာကြောင့် အပေါင်းအသင်းပိုစုံလာခဲ့ပြီး ထောင်ရဲ့အထာ၊ ထောင်ရဲ့အကြောတွေကို ကောင်းကောင်းကြီးနပ်လာတာကြောင့် နောက်တစ်ကြိမ် ထောင်ကျမယ့်အရေးကို သိပ်မကြောက်ကြတော့တာပဲ ဖြစ်ပါတယ်။ ထောင်ဆိုတာကလည်း မကျဘူးရင် အင်မတန်ကြောက်စရာကောင်းပေမဲ့ တစ်ကြိမ်ကနှစ်ကြိမ်၊ နှစ်ကြိမ်ကသုံးကြိမ်လောက် ဖြစ်သွားပြီဆိုရင်တော့ အိမ်ဦးနဲ့ ကြမ်းပြင်လို ဖြစ်သွားတတ်တာမျိုးပါ။ ဒါကြောင့် ဒီနေရာကနေ တာဝန်ရှိသူတွေကိုတိုက်တွန်းလိုတာကတော့ မူးယစ်ဆေးနဲ့ပတ်သက်ပြီး မလိမ္မာတစ်ခါမိုက်

mgyoe.com

လူငယ်လေးတွေအတွက် အလေးထားစဉ်းစားပေးဖို့ပဲ ဖြစ်ပါတယ်။

လတ်တလောကာလမှာ လူငယ်တွေ ဘယ်လောက်အထိ မူးယစ်ဆေးဝါးဘက်ကို လိုက်နေကြသလဲဆို ဟိုတစ်လောလေးဆီက သတင်းဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရပါတယ်။ တိုင်းကော်မတီက ရန်ကုန်တိုင်းဒေသအတွင်းမှာရှိတဲ့ တရားရုံးနဲ့ ရဲစခန်းအချုပ်တွေကို ကွင်းဆင်းလေ့လာရာမှာ တွေ့ခဲ့ရတဲ့အမှုအများဆုံးက မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ခိုးမှုတွေ ဖြစ်ပါသတဲ့။ ခိုးမှုလို့ဆိုရာမှာလည်း မူးယစ်ဆေးဝါးသုံးစွဲဖို့ ပိုက်ဆံမရှိတာကြောင့် တယ်လီဖုန်းဟန်းဆက်ခိုးတာလို အသေးစားခိုးမှုလေးတွေ ဖြစ်တာကို တွေ့ရှိရတယ်တဲ့။ ကဲ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်တဲ့ ဖြစ်စဉ်တွေပါလဲ။ မှန်ပါတယ်။ မူးယစ်ရဲ့သားကောင်ဘဝကို ရောက်ရှိသွားပြီဆိုရင် ခိုးဖို့လည်းမရှက်တော့ပါဘူး။ လုဖို့၊လိမ်ဖို့၊ကျော်ဖို့၊ခွဖို့ဆိုတာတွေက တော့ ထမင်းစားရေသောက်ပါ။

နောက်ဆုံး ကိုယ့်မိသားစုဝင်တွေကို ပြန်သတ်တဲ့အထိ ရူးသွပ်အောင် မိုက်မဲကြတာဟာလည်း ဒီမူးယစ်ဆေးကြောင့်ပဲ ဖြစ်ပါတယ်။ စာရေးသူတို့ သုံးစွဲစဉ်ကာလတုန်းကတော့ အမေ့ထဘီလည်း မကျန်ပါဘူး။ အဖေ့ပုဆိုးလည်း မထားပါဘူး။ အိမ်မှာရှိတဲ့ နတ်စင်က ပိုက်ဆံ၊ ဘုရားစင်က ပိုက်ဆံ ကုန်ကုန်ပြောရရင် ညဘက်ထောင်အိပ်တဲ့ ခြင်ထောင်၊ ခြုံအိပ်တဲ့ စောင်တွေတောင် အိမ်မှာမထားပါဘူး။ အဟောင်းတန်းမှာ မတန်တဆဈေးနဲ့ အကုန်ရောင်းပြီး မူးယစ်ဆေးနဲ့ လဲခဲ့ကြတာဖြစ်ပါတယ်။ နေတာက ရန်ကင်းဆိုလေတော့ အထွေအထူး သယ်နေစရာ မလိုပါဘူး။ တိုက်အောက်ကနေ တစ်ယောက်ကို စောင့်ခိုင်းထားပြီး အိမ်အပေါ်ထပ်က ပစ်ချလိုက်ရုံပါပဲ။ စောင်တို့၊ ခြင်ထောင်တို့ကို ပြောပါတယ်။ ကိုယ်ခိုးတဲ့ အလှည့်ဆို သူငယ်ချင်းကအဖော်လုပ်၊ သူငယ်ချင်းခိုးတဲ့အလှည့်ကျ ကိုယ်က အဖော်လုပ်ပေးနဲ့ တကယ့်ကို သူခိုးလုံးလုံးဖြစ်ခဲ့ကြတာပါ။ မလစ်လိုက်နဲ့ လစ်လိုက်ပြီဆိုတာနဲ့ ခိုးပြီးသားဆိုတာ ဘိန်းစားပဲ ဖြစ်ပါတယ်။ ဘယ်လောက်အထိ မူးယစ်ဆေးကို စွဲလမ်းခဲ့သလဲဆို နောက်ဆုံးရောင်းစရာ၊ ပေါင်စရာ မရှိရင် ကိုယ်ပေါ်က အင်္ကျီနဲ့ ပုဆိုးကို ဈေးထဲမှာချွတ်ရောင်းပြီး အစုတ်ဆုံးအဟောင်းဆုံးတွေနဲ့ လဲဝတ်ကာ မူးယစ်ဆေးကို ဝယ်သုံးခဲ့ကြတာပါ။ တကယ်လို့ ကိုယ်ဝတ်ထား

mgyoe.com
တဲ့ အဝတ်အစားက အလဲအလှယ်လုပ်လို့ လိုချင်တဲ့ အတိုင်းအတာအထိ ငွေကြေးမရဘူးဆိုရင် အင်္ကျီလိုဟာမျိုးကို ချွတ်ရောင်းပြီး ကိုယ်တုံးလုံးနဲ့ အရပ်ထဲကို ပြန်လာခဲ့သူတွေလည်း မရှားပါဘူး။

အဲဒီကာလတွေတုန်းက တောင်ဥက္ကလာပက နန္ဒဝန်ဈေးတို့၊ ရန်ကင်းက ဝွတ္တလစ်ဈေးတို့လို နေရာမျိုးတွေမှာ အဟောင်းတန်းတွေဆိုတာ ရှိပါတယ်။ အဝတ်အထည် အသုံးအဆောင်ပစ္စည်းတွေကလည်း အခုလို ပေါပေါများများ မဟုတ်သေးလေတော့ အဟောင်းကို အရောင်းအဝယ်လုပ်လို့ ရသလို ပေါင်စရာနှံစရာ နေရာတွေကလည်း အများသားပါ။ နောက်ဆုံး မှတ်ပုံတင်ကိုတောင် အပေါင်ခံတဲ့ နေရာရှိပါတယ်။ အတိုးကတော့ ၂၀ တိုးပါ။ တစ်ရာနဲ့ပေါင်ရင် တစ်လကြာတဲ့အခါ ၁၂၀ နဲ့ ရွေးရတာပါ။ ပေါင်တာကတော့ ပြောမနေပါနဲ့။ မင်္ဂလာဆောင်မယ့် သတို့သားဝတ်စုံ တောင် ပေါင်တဲ့အထိ မိုက်ခဲ့ကြတာပါ။ အပေါင်ခံတဲ့နေရာတွေကလည်း တော်တော်ကို မိုက်မိုက်ရိုင်းရိုင်း ဈေးနှိမ်တာပါ။ ခေတ်ကာလပေါက်ဈေး တစ်ရာလောက်တန်တဲ့ ပစ္စည်းကို အလွန်ဆုံးပေးရင် တစ်ဆယ်ပါပဲ။ အဲဒီ ထက် မပိုပါဘူး။ အဲဒါတွေကို ပြန်ရွေးဖြစ်လားဆိုတော့ သိကြတဲ့အတိုင်း ဘိန်းစားပါဆိုမှ ဘယ်မှာလာရွေးဖြစ်ပါ့မလဲ။ စာရေးသူတို့ ရန်ကင်းမှာ အပေါင်ခံခဲ့တဲ့ အဓိကနေရာနှစ်ခုက ပုဂ္ဂိုလ်တွေဆိုရင် အခုချိန်ထိ မပူမပင် မကြောင့်မကြ သူဌေးတွေနီးနီး နေနိုင်သေးတယ်ဆိုရင် တွက်သာကြည့်ပါ တော့။

အဲဒီအချိန်တုန်းက မနက်လင်းရင် အပေါင်ခံတဲ့နေရာတွေမှာ ဘိန်း စားတွေ တစ်ယောက်ဝင်တစ်ယောက်ထွက် ဖြစ်နေတာများ တကယ့်ပွဲတော် ကြီး အလားပါပဲ။ အရှက်ဆိုတာလည်း မရှိပါဘူး။ ပတ်ဝန်းကျင်ဆိုတာ လည်း မရှိပါဘူး။ အကြောက်တရားဆိုတာကတော့ ဝေလာဝေးပါ။ နှမရုံး တက်ရမယ့် ယူနီဖောင်းထဘီကို ယူပေါင်ထားလို့ မနက်ရုံးသွားမယ်လည်း လုပ်ရော ထဘီဝတ်စရာမရှိလို့ နှမရုံးမသွားနိုင်တဲ့အထိ အောက်တန်းကျကျ လုပ်ခဲ့ကြတာပါ။ သူငယ်ချင်းတစ်ယောက်များဆိုရင် ဘိုထိုင်အိမ်သာနောက် က ရေဆွဲချတဲ့အိုးကိုတောင်ဖြုတ်ပြီး ရောင်းခဲ့ဖူးသလို တစ်နေ့စာတစ်နေ့ရှင်း ရတဲ့ လက်ဖက်ရည်ဆိုင် ရောင်းရငွေတွေကိုခိုးပြီး မူးယစ်ဆေးသုံးပစ်ခဲ့တာ
mgyoe.com

mgyoe.com


ကြောင့် ဆိုင်ပါအရင်းပြုတ်ပြီး မိသားစုဒုက္ခရောက်ရတဲ့အထိအောင်ကို မိုက်ခဲ့ကြတာပါ။ ဒါကြောင့် ဒီနေ့ရာကနေ ကြားဖြတ်ပြီး လူငယ်တွေကို အသိပေးချင်တာတစ်ခုကတော့ မူးယစ်ဆေးကို အစပြုသုံးမိ နေရင် အချိန်မလင့်ခင် ရအောင်ဖြတ်ပါ။

ကိုယ့်ဟာကိုယ် ဖြတ်လို့မရနိုင်တော့ဘူးဆိုရင် မိဘညီအစ်ကိုမောင်နှမ ဒါမှမဟုတ် ဆေးသုံးစွဲခြင်းမရှိတဲ့ သူငယ်ချင်း ဒါမှမဟုတ် ချစ်သူရည်းစားနဲ့ ပွင့်ပွင့်လင်းလင်း ဖွင့်ဟတိုင်ပင်ပါ။ အဲလိုမဟုတ်ဘဲ တစ်နေ့ပြတ်နိုးတစ်နေ့ဖြတ်နိုး မျှော်လင့်ချက်နဲ့ ရှေ့ခရီးဆက်နေမယ်ဆိုရင်တော့ နောက်ဆုံးမှာ မူးယစ်ဆေးသားကောင်ဘဝကို ကျရောက် ပြီး အရွယ်မတိုင်ခင် သေဆုံးခြင်းနဲ့ ရင်ဆိုင်ရင်လည်းရင်ဆိုင်ရမယ်၊ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ထောင်နန်းစံရဖို့ကလွဲပြီး တခြားမရှိဘူးဆိုတာပဲ ဖြစ်ပါတယ်။ စိတ်ကူးယဉ်လို့မရပါဘူး။ မူးယစ်ဆေးရဲ့ ကျေးကျွန်ဘဝကို ရောက်နေသူတွေဟာ ဆေးဖြတ်တော့မယ်ဆိုရင် ဒီနေ့ချက်ခြင်းဖြတ်ပြီဆိုတာမျိုးကို လုပ်လေ့မရှိကြပါဘူး။ မူးယစ်ဆေးကို စွဲစွဲလမ်းလမ်းငြိတွယ်နေပြီဆိုရင် ချက်ချင်းကောက်ကာငင်ကာတုံးတိကြီး ဖြတ်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။

စိတ်ကဘယ်လောက်ပဲခိုင်ခိုင် ခန္ဓာကိုယ်ကမလိုက်နိုင်တော့ ဒီသံသရာထဲမှာပဲ ပြန်ပြန်လည်နေခဲ့ကြရတာပါ။ ဒါကြောင့်လည်းပဲ မူးယစ်ဆေးဖြတ်ပေးတဲ့ဌာနတွေ ပေါ်လာတာပေါ့။ ယင်းထတဲ့ဒဏ်ကိုခံဖို့ဆိုတာ အယောက် ၁၀၀ မှာ တစ်ယောက်မပြောနဲ့ တစ်ထောင်မှာ တစ်ယောက်တောင် ဖြစ်နိုင်ဖို့ ခက်ခဲလွန်းလှပါတယ်။ မူးယစ်ဆေးကို မသုံးရဘူးဆိုတာနဲ့ ပထမဆုံး ရင်ဆိုင်ရတာကတော့ စိတ်ရဲ့စွဲလမ်းမှုဒဏ်ပါပဲ။ အချိန်ကျလာတာနဲ့ နေမထိထိုင်မသာတွေ ဖြစ်လာမယ်။ နောက်ခဏနေတော့ နှာရည်ယိုတာတွေ၊ နှာအဆက်မပြတ်ချေတာတွေ ဖြစ်လာပြီး လူက ထိုင်နေလို့မရအောင်ကို အားအင်တွေကုန်ခန်းပြီး အိပ်ရာပေါ်ကနေ တစ်ဖဝါးမှ ခွာမရအောင် ဖြစ်လာမှာပါ။ တစ်ခုဆိုးတာက ကြက်သီးတွေ တစ်ချိန်လုံး ထနေတာပါ။ ဒီလောက် အားအင်ကုန်ခန်းပြီးအိပ်ရာပေါ်က မထနိုင်အောင် ဖြစ်နေတဲ့ကြားကပဲ မရှိသေးစကား သုက်ကလည်း သူ့အလိုလိုနေရင်း

mgyoe.com

mgyoe.com
တစ်ကြိမ်ပြီးတစ်ကြိမ် ထွက်လာပြန်တာကြောင့် အားအင်က ကုန်ခန်းပြီးရင် ကုန်ခန်းသွားကာ နောက်ဆုံး အိပ်ရာပေါ်ဗုန်းဗုန်းလဲတဲ့အထိ အခြေအနေဆိုး တာပါ။

ကိုယ်တွေ လက်တွေ ကိုက်တာခဲတာတွေကလည်း တုပ်ကွေးဖြစ် နေတာထက် အဆပေါင်းများစွာဆိုးတဲ့ ကိုက်ခဲမှုမျိုးကို ခံရမှာပါ။ အဆိုးဆုံး ကတော့ ဘာအစားအသောက်မှ စားမဝင်တော့တာပါပဲ။ ဒီလိုအခြေအနေမျိုး က တစ်ရက်နဲ့ ပြီးသွားတာလည်း မဟုတ်ပါဘူး။ အနည်းဆုံး သုံးရက်ကနေ တစ်ပတ်လောက်အထိ ခံရတာပါ။ ဒါကြောင့် မူးယစ်ဆေးဖြတ်သူ အများစု ဟာ အဲဒီဒဏ်ကို မခံနိုင်ဘဲ တစ်ရက်လောက်အပြီးမှာပဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ လမ်းဟောင်းကို ပြန်လိုက်သွားခဲ့ကြတာဖြစ်ပါတယ်။ နောက်ဆုံး ထောင်ထဲ ရောက်သွားတာတောင်မှ ဘယ်လိုမှ ဒဏ်မခံနိုင်လို့ ထောင်ထဲအထိ မူးယစ် ဆေးလိုက်ပေးရင်း အပြင်ကလူပါ အဖမ်းခံရတဲ့ ဖြစ်စဥ်တွေကို ကြုံနေကြရ တာဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

## မဖမ်းဘူးလား

မူးယစ်ဆေးဝါးနဲ့ ပတ်သက်လာရင် ဒီမေးခွန်းဟာ အင်မတန် မေးသင့်မေးထိုက်တဲ့ မေးခွန်းတစ်ခုဖြစ်ပြီး စာရေးသူ ဖြတ်သန်းခဲ့ရတဲ့ နှစ်ပေါင်း ၂၀ ကျော်ကြာ မူးယစ်ဆေးဝါးသမားဘဝ ဖြတ်သန်းမှုမှာတော့ ရောင်းတဲ့သူတွေ အဖမ်းခံရတယ်ဆိုတဲ့ ဖြစ်စဉ်ဟာ အင်မတန်ကြုံတောင့်ကြုံခဲ ဖြစ်ပြီး ဆေးသုံးစွဲသူအယောက်တစ်ထောင် အဖမ်းခံရရင်တောင် ရောင်းတဲ့သူ တစ်ယောက် အဖမ်းခံရလေ့မရှိပါဘူး။ ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်လောက်က ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဖြစ်စဉ်တွေအပေါ် မူတည်ပြီး ရဲရဲဝံ့ဝံ့ ပြောကြားမှုတစ်ခုဖြစ်ပါတယ်။ လက်ရှိကာလမှာတော့ ဘယ်လိုအနေအထား တွေရှိနေလဲဆိုတာ စာရေးသူကိုယ်တိုင် ဒီလိုဘဝမျိုးမှာ ရှိမနေတော့လို့ မသုံးသပ်လိုတော့ပါဘူး။ အချိန်တွေသာ ပြောင်းလဲသွားတယ် ဘိန်းစားတွေ ရဲ့ ဘဝကတော့ အရင့်အရင်ကလိုပါပဲ။ ပစ္စည်းသွားဝယ်ရင်း လမ်းခုလတ် မှာ အဖမ်းခံရတာတွေ၊ မူးယစ်သတင်းအရ အိမ်ပေါ်ကိုတက် အမခံရတာ တွေကို မူးယစ်ဆေးစွဲဖူးသူတိုင်းနီးပါး ကြုံကြုံရမှာဖြစ်ပါတယ်။

တချို့က မေးပါလိမ့်မယ်။ ခင်ဗျားကြီးရောလို့။ မှန်ပါတယ်။ စာရေး သူလည်း အဖမ်းခံခဲ့ရဖူးတာပေါ့။ ဒါပေမဲ့ အထက်မှာ တင်ပြခဲ့သလိုပဲ

mgyoe.com